### ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/ ၂၀၂၃ ဖြင့် အစားထိုးပြင်ဆင်ဖွဲ့စည်းခဲ့သည့် ခရီးသွားလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာသက်သက်ခိုင် **အစား** ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးကျော်စိုးဝင်း ကို ဥက္ကဋ္ဌအဖြစ် အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဗိုလ်ချုပ်ကြီး မြထွန်းဦး

ဥက္ကဋ္ဌ

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

### စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ပြန်လည်ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းလိုက်သည်-

(က) ဦးမြတ်ကျော် ဝန်ကြီးချုပ် ဥက္ကဋ္ဌ

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

| | | | |
|---|---|---|---|
| (ခ) | ဒေါ်ရီရီသန်း | စီးပွားရေးရာဝန်ကြီး<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးထွန်းထွန်းဝင်း | ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းလှိုင် | ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးစီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးသစ်ထူးမြင့် | ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးအောင်ဇော်မြင့် | ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးဆန်းအောင် | ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးစည်သူထွဏ်း | ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးထွန်းလင်းသောင်း | ခရီးသွားလုပ်ငန်းတတ်သိပညာရှင်<br>ဟိုတယ်လုပ်ငန်းရှင်၊ Classic Hotel (မုံရွာ) | အဖွဲ့ဝင် |
| (ည) | ဒေါ်သီတာကျော် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်းဇုန်) | အဖွဲ့ဝင် |
| (ဋ) | ဦးခင်မောင်မြင့် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>အတွင်းရေးမှူး၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း<br>(စစ်ကိုင်းဇုန်) | အဖွဲ့ဝင် |
| (ဌ) | ဒေါ်ဝတ်မှုန်လင်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဘဏ္ဍာရေးမှူး၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း<br>(စစ်ကိုင်းဇုန်) | အဖွဲ့ဝင် |
| (ဍ) | ဦးမြင့်စိန် | တာဝန်ခံ၊ စစ်ကိုင်းတိုင်းဒေသကြီး<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၈-၆-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၁၊ ၂၇-၉-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၂၁၊ ၁၉-၁၁-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၂၁၊ ၁၉-၅-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၂၂ နှင့် ၂၇-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၃ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅)

## ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော ဦးတင်မောင်နီ၊ ညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ် မီးသတ်ဦးစီးဌာန **အစား** ဦးကျော်ကျော်၊ ညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ်မီးသတ်ဦးစီးဌာနကို အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၅)

## ရခိုင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅/ ၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် ရခိုင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော ဦးကျော်ဝင်းဦး၊ ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန **အစား** ဦးဟိန်းသူ၊ ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ကျော်စိုးဝင်း

ဥက္ကဋ္ဌ

ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

**အခွင့်ရကိုယ်စားလှယ် လွှဲအပ်၍ အမှုလျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း**

၁။ အခွန်အယူခံခုံအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ အခွန်အယူခံခုံအဖွဲ့သို့ အမှုတင်သွင်းရာတွင် ကိုယ်တိုင်မဟုတ်ဘဲ ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲအပ်သည့် ကိုယ်စားလှယ်လွှဲစာပါရှိရမည်ဖြစ်ကြောင်း အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) တွင် ပြဋ္ဌာန်းထားသည်။ အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ နည်းဥပဒေ ၂၊ နည်းဥပဒေခွဲ (ဈ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အခွင့်ရကိုယ်စားလှယ်အဖြစ် ခုံအဖွဲ့တွင် လိုက်ပါဆောင်ရွက်ရန်ဖြစ်ပါက အထူးကိုယ်စားလှယ်လွှဲစာ သို့မဟုတ် အထွေထွေကိုယ်စားလှယ်လွှဲစာကို စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း သို့မဟုတ် နိုတြီပြုလုပ်ခြင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၃၉ တွင် ပြဋ္ဌာန်းထားသည်။

၃။ ယင်းပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီများက အခွန်အယူခံခုံအဖွဲ့သို့ အမှုတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း တင်သွင်းလျှောက်ထားကြရန် သတ်မှတ်လိုက်သည်-

(က) ကုမ္ပဏီအမည်ဖြင့် တင်သွင်းလျှောက်ထားရန်၊

(ခ) ကုမ္ပဏီတွင် ပါဝင်ဆောင်ရွက်နေသူတစ်ဦးဦးကိုဖြစ်စေ၊ ကုမ္ပဏီတွင် ပါဝင်ဆောင်ရွက်နေခြင်းမရှိသူ တစ်ဦးဦးကိုဖြစ်စေ အခွင့်ရကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ခြင်းဖြစ်ပါက အောက်ပါ အထောက်အထားမူရင်းများကို ပူးတွဲတင်ပြရန်-

(၁) အမှုနှင့်စပ်လျဉ်း၍ အခွင့်ရကိုယ်စားလှယ်အဖြစ် တာဝန်လွှဲအပ်ကြောင်း ဆုံးဖြတ်ထားသည့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်း၊

(၂) စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် သို့မဟုတ် နိုတြီပြုလုပ်ထားသော ကိုယ်စားလှယ်လွှဲစာ။

၄။ ပြည်ပမှ ကိုယ်စားလှယ်လွှဲအပ်ခြင်းကို အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၄၀ နှင့် ၄၁ တို့တွင် ပြဋ္ဌာန်းထားသည်နှင့်အညီ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက ၎င်း၏ကိုယ်စား အခွန်အယူခံခုံအဖွဲ့သို့ လာရောက်ခြင်း သို့မဟုတ် လျှောက်ထားခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းပြုလုပ်ရန် အခွင့်ရကိုယ်စားလှယ်လွှဲအပ်ခြင်းနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်လွှဲစာကို အောက်ပါအတိုင်း ဆောင်ရွက်တင်ပြရမည်-

(က) ပြည်ပနိုင်ငံတစ်ခုခုတွင် ပြုလုပ်သည့်ကိုယ်စားလှယ်လွှဲစာကို သက်ဆိုင်ရာနိုင်ငံရှိ နိုတြီပဗ္ဗလစ်သည် ၎င်း၏ရှေ့တွင် ပြုလုပ်ခြင်းမှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး ယင်းလက်မှတ်ရေးထိုးသူ နိုတြီပဗ္ဗလစ်သည် သက်ဆိုင်ရာနိုင်ငံက ဥပဒေအရခန့်ထားသည့် နိုတြီပဗ္ဗလစ်ဖြစ်ကြောင်း အဆိုပါ နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် မြန်မာနိုင်ငံသံရုံးအရာရှိ သို့မဟုတ် ကောင်စစ်ဝန်က ထပ်ဆင့်လက်မှတ်ရေးထိုးအတည်ပြုထားသော ကိုယ်စားလှယ်လွှဲစာမူရင်း၊

(ခ) ကိုယ်စားလှယ်လွှဲစာကို ပြည်ပ၌ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံစာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ခြင်းဖြစ်ပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးတွင်ခန့်အပ်တာဝန်ပေးထားသည့် အရာရှိတစ်ဦးဦး၏ ထပ်ဆင့်ထောက်ခံချက် သို့မဟုတ် ယင်းအရာရှိ၏ ရှေ့တွင်ပြုလုပ်ထားသည့် ကိုယ်စားလှယ်လွှဲစာမူရင်း။

၅။ အခွန်အယူခံခုံအဖွဲ့၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၆။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၅ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ တင်သွင်းသော အမှုများနှင့် သက်ဆိုင်စေရမည်။

မြင့်ဦး

ဥက္ကဋ္ဌ

အခွန်အယူခံခုံအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ တွဲဖက်တာဝန်ချထားသော အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲ ၂၆၇၂ ရဲမှူးကြီး ဌေးဝင်း အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှ မေလ ၁၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ တွဲဖက်တာဝန်ချထားသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှ ဌာနမှူး ရဲ ၃၁၂၈ ရဲမှူးကြီး ဆိုင်းနန် အား နိုင်ငံ့ ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့မှ မေလ ၄ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၂၃၃ (က) တို့အရ သက်ပြည့် အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ဒုတိယရဲမှူးကြီး (၂) ဦးတို့အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့် ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေရာများသို့ တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ရဲ ၂၇၆၉ ဒုတိယရဲမှူးကြီး ကြည်ကြည်သန်း<br>တာဝန်ခံ၊ စီမံခန့်ခွဲမှုသင်တန်းများ<br>သင်တန်းများဌာနခွဲ<br>ရဲအရာရှိအတတ်သင်ကျောင်း | ဒုတိယကျောင်းအုပ်ကြီး<br>ရဲအရာရှိအတတ်သင်ကျောင်း |

| | | |
|---|---|---|
| (၂) | ရဲ ၂၅၅၂ ဒုတိယရဲမှူးကြီး ခင်ဆွေဦး<br>ဒုတိယညွှန်ကြားရေးမှူး (ဥပဒေ)<br>ရဲရေးဌာနကြီး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် | ဌာနမှူး၊ နည်းပညာဌာန<br>သတင်းရဲတပ်ဖွဲ့<br>(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊<br>ရဲရေးဌာနကြီးတွဲ) |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၂၅)

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ၏ ကြိုတင်ခွင့်ပြုချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးကျော်ဇာနည်လွင် (ပ/၅၆၅၈) အား တာဝန်ဝတ္တရားများ စတင်စွန့်လွှတ်သည့်နေ့မှစ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ လစာနှုန်းတူ ဌာနမှူး (ညွှန်ကြားရေးမှူး) ရာထူးအဆင့်ဖြင့် ဌာနပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၂၅)

## ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၆၁/၂၀၂၄ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(င) ညွှန်ကြားရေးမှူးချုပ်  အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ်  အဖွဲ့ဝင်
အကျဉ်းဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ်  အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန်  အတွင်းရေးမှူး
ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး

(ဈ) ဒုတိယအမြဲတမ်းအတွင်းဝန်  တွဲဖက်အတွင်းရေးမှူး
ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၂၅)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၂) ဦးတို့အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှစ၍ ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

(၁) ဦးဇော်နိုင်ဦး (ပ/ ၇၁၆၈)  ရခိုင်ပြည်နယ်ရုံး
မန္တလေးတိုင်းဒေသကြီး

(၂) ဦးစိုးဝင်း (ပ/ ၃၅၅၉)  မန္တလေးတိုင်းဒေသကြီး
ရခိုင်ပြည်နယ်ရုံး

**အမိန့်ကြော်ငြာစာ (၁၁၆/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကော့ထင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၁၂၅-က/ ကံနီအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (က/၂၅) ရှိ **မြေဧရိယာ ၀.၁၁ ဧက** အား **ကျိုက်ထိုမြို့နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အလုပ်သမားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၁၇/၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ လပွတ္တာ (၃) မိုင်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်/ အမည် (၅၅၆/ ဖလံတောကွင်း)၊ မြေကွက်အမှတ် (၁၀၁) ရှိ **မြေဧရိယာ ၀.၃၀၉ ဧက** အား **လပွတ္တာခရိုင် လူမှုဝန်ထမ်းဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၁၈/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ပြည်သာယာမြောက်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (ခ/ပြည်သာယာမြောက်)၊ မြေကွက်အမှတ် ( $\frac{၁၁၉}{၁၃၉}$ )၊ **မြေဧရိယာ ၀.၂၂၉ ဧက** အား **မြို့နယ်အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ မိတ္ထီလာမြို့** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အလုပ်သမားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၁၉/၂၀၂၅)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၇၇၈/ သောတာပန်ကွင်း)၊ မြေကွက်အမှတ် ( $\frac{၁၅}{ခ}$ ၊ $\frac{၁၆}{၂}$ ) ရှိ **စိန်မြင့်မိုရ်ကျောင်းတိုက်** အခွန်လွတ်သာသနာ့မြေ **ဧရိယာ ၀.၀၈၁ ဧက** အနက်မှ **၀.၀၁၇ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **သိမ်ဒါယကာ ဦးဆွေဦး [၁၂/တတန (နိုင်) ၀၆၂၇၃၆]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၁၃၀/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ သဲမောင်းကန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၃၂၈-က၊ ရွာကုန်း)၊ ဦးပိုင်အမှတ် (၅၁/၃) ရှိ မြေဧရိယာ ၂.၀၂ ဧက၊ ဦးပိုင်အမှတ် ($\frac{၅၃}{၈၉}$) ရှိ မြေဧရိယာ ၁.၈၆ ဧက **စုစုပေါင်းမြေဧရိယာ ၃.၈၈ ဧက** အား **အဆင့်မြင့်သောက်ရေသန့်စက်ရုံ၊ အမှတ် (၂)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၉၃၁,၂၀၀/- နှုန်းဖြင့် ဦးဝင်းကျော် [၉/တတဥ (နိုင်) ၀၅၃၄၅၁] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

အမှတ် ၁၇၁/၂၀၂၅။ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဦး အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

သန်းဆွေ
ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၄၀၆) ခြေမြန်တပ်ရင်းမှ ကြည်း ၇၀၉၃၇ ဗိုလ်ကြီး မျိုးချစ်ဝင်း အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာဖြင့် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

ဒေါက်တာ ကံဇော်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

၁။ ၁၃-၂-၂၀၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ၏ သဘောတူညီချက်အရ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်း သတင်းစာတိုက်မှ စာတည်းမှူးချုပ်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးစိုးစိုးနိုင် အား ၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၉-၇-၂၀၂၅ ရက်နေ့အထိ ခံစားမည့် သက်ပြည့်အငြိမ်းစားမယူမီကြိုတင် ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ အဆိုပါငြင်းပယ်ခဲ့သည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၃၀-၇-၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ၃၀-၁၁-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

## မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Myanmar Media Development Group – MMDG) ပြင်ဆင်ဖွဲ့စည်းခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၃ ဖြင့် ဖွဲ့စည်းခဲ့သည့် မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Myanmar Media Development Group – MMDG) အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင် **အစား** အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင် ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၅)

## တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း ထုတ်ပြန်ကြေညာခြင်း

၂၀၂၃ ခုနှစ်၊ ဩဂုတ်လထုတ် စာရေးသူ **Satt** ရေးသားသည့် **Maiden SA** စာအုပ်ကို ထုတ်ဝေသူ ဒေါ်သန္တာကျော်ဝင်း (ညို့-NYOH စာပေတိုက်) မှ ထုတ်ဝေခဲ့ပြီး ယင်းစာအုပ်ပါ အကြောင်းအရာများသည် ၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) ပါ ညစ်ညမ်းစာများကို ဖော်ပြခြင်းစည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိရသဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၉ အရ အဆိုပါ ထုတ်ဝေစာအား တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၅)

## စစ်ကိုင်းတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၂၄ ဖြင့် ဖွဲ့စည်းခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အတွင်းရေးမှူး၊ ဦးသန်းဆွေဝင်း **အစား** အတွင်းရေးမှူး၊ ဦးခင်မောင်ချို ဖြင့်

လည်းကောင်း၊ အဖွဲ့ဝင်၊ စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဦးကျော်မင်းညို **အစား** ညွှန်ကြားရေးမှူး၊ ဦးလွှမ်းမိုးဟန် ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဦးသက်ဆိုင်အောင် **အစား** ညွှန်ကြားရေးမှူး ဦးစောဆွေ ဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

မောင်မောင်အုန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ နန်းဆိုင်ဟွမ် အား အသက် (၆၂) နှစ်ပြည့်ပြီးနောက် ခံစားခွင့်ရှိသည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လ အနက် (၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့အထိ) (၂) လကို လုပ်ငန်းလိုအပ်ချက်အရ ခံစားခွင့်မပြုဘဲ ပျမ်းမျှလစာဖြင့် ဆက်လက်ထမ်းဆောင်စေလိုက်သည်။

၂။ ဒေါက်တာ နန်းဆိုင်ဟွမ် အား အထက်ပါတာဝန်ထမ်းဆောင်မှုကာလပြီးဆုံးပြီးနောက် ကြိုတင် ပြင်ဆင်ခွင့် (၄) လကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့နှင့်အညီ သက်ပြည့်အငြိမ်းစား ယူခွင့်ပြု လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

## ကြိုတင်ပြင်ဆင်ခွင့် (၄) လ ငြင်းပယ်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ရုံးချုပ်) မှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်

အား ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှ ဇူလိုင်လ ၁၈ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့မှ နိုဝင်ဘာလ ၁၈ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၅)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၆-၁-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၉/ ၁-၃/ (၁၀၈) (စမဆ) နှင့် ၃၁-၁-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၉/၁-၃/ (၁၄၁) (စမဆ) တို့ဖြင့် ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေး ဝန်ကြီးဌာန၏ ၂၇-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပထရ/ ၂-၁/ ၂-၃/ (၁၁၅၇)/ ၂၀၂၂ ပါ အတည်ပြုချက်နှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ၄-၂-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၁၆၈၂/ မပ (မြေတိုင်း)-၆(၂၀၂၅) နှင့် ၇-၂-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၁၉၂၄/ မပ (မြေတိုင်း)-၆ (၂၀၂၅) တို့ဖြင့် စိစစ်တင်ပြချက်တို့အရ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်ရှိ လူနေအိမ်ရာအဖြစ်အသုံးပြုရန် ခွင့်ပြုမိန့်ကျပြီး ဧရိယာ ၉၆၃.၃၁ ဧကအတွင်းမှ အသုံးပြုခြင်းမရှိသေးသည့် မယ်လှတောင်ကျေးရွာအုပ်စု၊ အကွက်ပေါင်း (၁) ကွက် ဧရိယာ ၆.၀၀ ဧကခန့်နှင့် မကွေးမြို့နယ်ရှိ အောင်မေတ္တာ (က) တိုးချဲ့ရပ်ကွက်၊ အကွက်အမှတ် (၁)၊ ဧရိယာ ၅.၁၅ ဧကအား မြို့မြေတိုင်းတာခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်အတွက် ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်** တို့အရ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မကွေးမြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စွမ်းအင်ဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၇/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

## စွမ်းအင်ကဏ္ဍလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်း

၁။ စွမ်းအင်ကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ **စွမ်းအင်ကဏ္ဍလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး၊ စွမ်းအင်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း | အဖွဲ့ဝင် |
| ( ဂ ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း | အဖွဲ့ဝင် |
| (ဃ) | ပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| ( င ) | ပါမောက္ခချုပ်<br>ရန်ကုန်နည်းပညာတက္ကသိုလ် | အဖွဲ့ဝင် |
| ( စ ) | ပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (ဆ) | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (သန်လျင်) | အဖွဲ့ဝင် |

(ဇ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
ရေနံအင်ဂျင်နီယာဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်

(ဈ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
ဓာတုအင်ဂျင်နီယာဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်

(ည) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
စက်မှုအင်ဂျင်နီယာဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်

(ဋ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
ရေနံအင်ဂျင်နီယာဌာန
နည်းပညာတက္ကသိုလ် (သန်လျင်)

(ဌ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
ဓာတုအင်ဂျင်နီယာဌာန
နည်းပညာတက္ကသိုလ် (သန်လျင်)

(ဍ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
စက်မှုအင်ဂျင်နီယာဌာန
နည်းပညာတက္ကသိုလ် (သန်လျင်)

(ဎ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
သတ္တုဗေဒအင်ဂျင်နီယာနှင့် ဒြပ်ပစ္စည်းသိပ္ပံဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်

(ဏ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
သတ္တုဗေဒအင်ဂျင်နီယာနှင့် ဒြပ်ပစ္စည်းသိပ္ပံဌာန
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

(တ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
ဘူမိဗေဒဌာန
ရန်ကုန်တက္ကသိုလ်

| | | |
|---|---|---|
| (ထ) | ပါမောက္ခ/ဌာနမှူး<br>ဘူမိဗေဒဌာန<br>ရေနံချောင်းတက္ကသိုလ် | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူး<br>ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန<br>ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူး<br>ဓာတ်ခွဲခန်းဌာနခွဲ<br>ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (န) | ဦးထွန်းဆွေ၊ အဖွဲ့ဝင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | အဖွဲ့ဝင် |
| (ပ) | အထွေထွေအတွင်းရေးမှူး<br>မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | အဖွဲ့ဝင် |
| (ဖ) | PTTEP International Co.,Ltd မှ<br>ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဗ) | Gulf Petroleum Myanmar Co.,Ltd မှ<br>ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဘ) | MPRL E&P Pte.,Ltd မှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (မ) | Goldpetrol Co.,Ltd မှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ယ) | POSCO International Corporation မှ<br>ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ရ) | CFG Energy Pte.,Ltd မှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (လ) | ဦးမင်းမင်းစိုး<br>Petro Tech Co.,Ltd | အဖွဲ့ဝင် |
| (ဝ) | ဦးစန်းလွင်<br>ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း | အဖွဲ့ဝင် |

(သ) ဦးမြင့်ကြည် အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

(ဟ) ဦးညဏ်ထွန်း အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

( ဠ ) ဦးအောင်မင်း အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

(အ) ဦးဝင်းချို အဖွဲ့ဝင်
စက်ရုံမှူး (ငြိမ်း)
အမှတ် (၂) ရေနံချက်စက်ရုံ (ချောက်)
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

(ကက) သုတေသနအရာရှိချုပ် အဖွဲ့ဝင်
အသုံးချသုတေသနဌာန (ထောက်ကြန့်)
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

( ခခ ) ဒုတိယအမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
စွမ်းအင်ဝန်ကြီးဌာန

( ဂဂ ) ဒုတိယညွှန်ကြားရေးမှူး/အင်ဂျင်နီယာချုပ် တွဲဖက်အတွင်းရေးမှူး
တူးဖော်ရေးဌာန
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

၂။ အဆိုပါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စွမ်းအင်ကဏ္ဍဆိုင်ရာ ဘာသာရပ်အလိုက်သင်ကြားရေးအပိုင်း၌ ကူညီပံ့ပိုးရေးကိစ္စများ၊ ပို့ချမည့် ဘာသာရပ်အလိုက် အချိန်ဇယားများရေးဆွဲရေး၊ တက္ကသိုလ်များရှိ ဓာတ်ခွဲခန်းများအတွက် အထောက်အကူပစ္စည်းများ ကူညီပံ့ပိုးပေးသွားနိုင်ရေး ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြရန်၊

( ခ ) ဝန်ကြီးဌာနအနေဖြင့် ကျောင်းသား/ကျောင်းသူများအား ရေနံမြေများ၊ စက်ရုံများ၊ ဓာတ်ခွဲခန်းများသို့ လုပ်ငန်းခွင်လေ့လာရေးအစီအမံများ စီမံဆောင်ရွက်ပေးရန်၊

( ဂ ) အလားအလာရှိသော Basin များတွင် Field Trip များ သွားရောက်လေ့လာနိုင်ရေး ပူးပေါင်းကူညီပေးသွားရန်၊

(ဃ) မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုစေသည့် Project Based သုတေသနစာတမ်းများ၊ သုတေသနကျမ်းများ၊ ဘွဲ့ယူကျမ်းများပေါ်ထွက်လာစေရေး တွန်းအားပေးဆောင်ရွက်ရန်၊

( င ) မျိုးဆက်သစ်ဘူမိဗေဒပညာရှင်များ၊ ရေနံအင်ဂျင်နီယာများအပါအဝင် စက်မှု၊ ဓာတုအင်ဂျင်နီယာများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် Stakeholder များအားလုံးပါဝင်ဆောင်ရွက်လာစေရေး လှုံ့ဆော်စည်းရုံးဆောင်ရွက်ရန်၊

( စ ) ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျောင်းသား/ကျောင်းသူများအား Scholarship ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊

(ဆ) စွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများ၊ မိတ်ဖက်ကုမ္ပဏီများမှ လုပ်ငန်းခွင်နယ်ပယ်အလိုက် တက္ကသိုလ်များနှင့် ချိတ်ဆက်၍ **အလုပ်အကိုင်အခွင့်အလမ်းဖော်ထုတ်ခြင်းစသည့်** University–industry Partnership, Internship Program အစီအစဉ်များ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရန်၊

( ဇ ) ပြင်ဦးလွင်ရှိ စွမ်းအင်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းကျောင်း အမြန်ဆုံးဖွင့်လှစ်၍ သင်တန်းပို့ချနိုင်ရေး စီမံဆောင်ရွက်ရန်နှင့် ဖွင့်လှစ်ပြီးပါက တက္ကသိုလ်များမှ ဆရာ/ဆရာမများကိုလည်း Training For Trainer အစီအစဉ်များ ဆောင်ရွက်ပေးရန်၊

(ဈ) ဘာသာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ စာတမ်းဖတ်ပွဲများကျင်းပခြင်းများပြုလုပ်နိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်ရန်၊

(ည) တက္ကသိုလ်များတွင် စွမ်းအင်ကဏ္ဍနှင့်ဆက်စပ်သည့်ဘာသာရပ်များသို့ သင်ကြားတက်ရောက်နေသော ကျောင်းသား/ကျောင်းသူများအား အခါအားလျော်စွာ တွေ့ဆုံ၍ စိတ်ခွန်အားမြှင့်တင်ပေးရန်၊

( ဋ ) လိုအပ်ပါက ဘာသာရပ်နယ်ပယ်အလိုက် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်။

ကိုကိုလွင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စွမ်းအင်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (ပြည်နယ်ရုံး) ကရင်ပြည်နယ်မှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးဝင်းကြိုင် သည် ၃၀-၁၀-၂၀၂၅ ရက်နေ့တွင် အသက် (၆၂) နှစ်ပြည့်မည်ဖြစ်ပြီး သက်ပြည့်ပင်စင်မခံစားမီ ကြိုတင်ပြင်ဆင်ခွင့် (၄)လ အား ၃၀-၆-၂၀၂၅ ရက်နေ့မှ ၂၉-၁၀-၂၀၂၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သည့် ၃၀-၁၀-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ချစ်ဆွေ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

### စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ပမှကုန်ပစ္စည်းများကို ခွင့်ပြုချက်မရမီ ဆိပ်ကမ်း၊ လေဆိပ်သို့ တင်သွင်းလာသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများအား အရေးယူနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်းကို ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်လိုက်သည်-

(က) ဒုတိယဝန်ကြီး အဖွဲ့ခေါင်းဆောင်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ခ) | အတွင်းရေးမှူး<br>ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး<br>လုပ်ငန်းကော်မတီ | အဖွဲ့ဝင် |
| (ဂ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယရဲချုပ် (လုံခြုံ/ မှုခင်း)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဍ) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
စစ်ဆေးရေးဦးစီးဌာန
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဎ) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ၂၀၂၄ခုနှစ်၊ဇူလိုင်လ၁ရက်နေ့နောက်ပိုင်းမှစ၍ပြည်ပမှကုန်ပစ္စည်းများကိုခွင့်ပြုချက်မရမီဆိပ်ကမ်း၊ လေဆိပ်သို့ တင်သွင်းလာသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများအား အရေးယူနိုင်ရန်ဆောင်ရွက်ရာတွင် ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ ထုတ်ပြန်ထားသောမူဝါဒများအရ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ခ) သွင်းကုန်ခွင့်ပြုချက်မရမီ ကုန်ပစ္စည်းများဆိပ်ကမ်း၊ လေဆိပ်သို့ရောက်ရှိလျှင် အဆိုပါကုန်ပစ္စည်းများသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခြွင်းချက်ဖြင့် အရေးယူရမည့် ကုန်ပစ္စည်းများ ဟုတ် မဟုတ် စိစစ်ခြင်း၊

(ဂ) ခြွင်းချက်ဖြင့် အရေးယူရမည့် ကုန်ပစ္စည်းမဖြစ်ပါက ယင်းကုန်ပစ္စည်းများ တင်သွင်းသော လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများအား အမည်ပျက်စာရင်း (Blacklist) ရေးသွင်းနိုင်ရန်နှင့် ကုန်ပစ္စည်းများအား သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဃ) ခြွင်းချက်ဖြင့် အရေးယူရမည့် ကုန်ပစ္စည်းများဖြစ်ပါက အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ အရေးယူပြီး ယင်းကုန်ပစ္စည်းများကို ခွင့်ပြုထုတ်ပေးနိုင်ရန်၊ တင်သွင်းခဲ့သည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများအား အမည်ပျက်စာရင်း (Blacklist) ရေးသွင်းပေးနိုင်ရန်နှင့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင် လက်မှတ်ဖျက်သိမ်းပေးနိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(င) လိုအပ်သော လုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(စ) လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တစ်လလျှင် တစ်ကြိမ် ဝန်ကြီးဌာနသို့ တင်ပြခြင်း။

ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၀/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

အဆင့်မြင့်ပညာဦးစီးဌာန၊ ပြည်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ သက်သက်ထွန်း အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစတင်၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ ညွန့်ဖေ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

အမှတ် ၁၀။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ဆုံးဖြတ်ချက်အရ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမကြီး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်စန်းစန်းကြည် အား အဆိုပါဆေးရုံကြီးတွင် တာဝန်ခံသူနာပြုဆရာမကြီး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) + (သတ်မှတ်ထားသော စားစရိတ်+ဝတ်စုံစရိတ်) အဖြစ် လစာတိုးမြှင့်ခံစားခွင့်ပြုလိုက်သည်။

မှတ်ချက်။ လစာတိုးမြှင့်ခြင်းခံရသည့် တာဝန်ခံသူနာပြုဆရာမကြီးသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များလွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၁၁။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ဆုံးဖြတ်ချက်အရ တောင်ကြီးမြို့၊ စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမကြီး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်နန်းညွန့်မေ အား အဆိုပါဆေးရုံကြီးတွင် တာဝန်ခံသူနာပြုဆရာမကြီး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) + (သတ်မှတ်ထားသော စားစရိတ်+ဝတ်စုံစရိတ်) အဖြစ် လစာတိုးမြှင့်ခံစားခွင့်ပြုလိုက်သည်။

မှတ်ချက်။ လစာတိုးမြှင့်ခြင်းခံရသည့် တာဝန်ခံသူနာပြုဆရာမကြီးသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များလွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၁၂။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ဆုံးဖြတ်ချက်အရ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမကြီး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်နန့်မြမြမွန် အား အဆိုပါဆေးရုံကြီးတွင် တာဝန်ခံသူနာပြုဆရာမကြီး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) + (သတ်မှတ်ထားသော စားစရိတ်+ဝတ်စုံစရိတ်) အဖြစ် လစာတိုးမြှင့်ခံစားခွင့်ပြုလိုက်သည်။

မှတ်ချက်။ လစာတိုးမြှင့်ခြင်းခံရသည့် တာဝန်ခံသူနာပြုဆရာမကြီးသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များလွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၁၃။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ဆုံးဖြတ်ချက်အရ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ သူနာပြုဆရာမကြီး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်တင်ပု အား အဆိုပါဆေးရုံကြီးတွင် တာဝန်ခံသူနာပြုဆရာမကြီး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) + (သတ်မှတ်ထားသော စားစရိတ်+ဝတ်စုံစရိတ်) အဖြစ် လစာတိုးမြှင့်ခံစားခွင့်ပြုလိုက်သည်။

မှတ်ချက်။ လစာတိုးမြှင့်ခြင်းခံရသည့် တာဝန်ခံသူနာပြုဆရာမကြီးသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များလွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၁၄။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ဆုံးဖြတ်ချက်အရ ရန်ကုန်

ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမကြီး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်လွဲ့လွဲ့ခိုင် အား အဆိုပါဆေးရုံကြီးတွင် တာဝန်ခံသူနာပြုဆရာမကြီး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) + (သတ်မှတ်ထားသော စားစရိတ်+ဝတ်စုံစရိတ်) အဖြစ် လစာတိုးမြှင့်ခံစားခွင့်ပြုလိုက်သည်။

မှတ်ချက်။ လစာတိုးမြှင့်ခြင်းခံရသည့် တာဝန်ခံသူနာပြုဆရာမကြီးသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များလွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၁၅။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီး ဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ဆုံးဖြတ်ချက်အရ ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမကြီး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်ညိုညိုအောင် အား အဆိုပါဆေးရုံကြီးတွင် တာဝန်ခံသူနာပြုဆရာမကြီး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) + (သတ်မှတ်ထားသော စားစရိတ်+ဝတ်စုံစရိတ်) အဖြစ် လစာတိုးမြှင့်ခံစားခွင့်ပြုလိုက်သည်။

မှတ်ချက်။ လစာတိုးမြှင့်ခြင်းခံရသည့် တာဝန်ခံသူနာပြုဆရာမကြီးသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များလွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

အမှတ် ၁၆။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီး ဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅) ၏ ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ရုံးအုပ် (၁) ဦး၊ ဒုတိယဦးစီးမှူး (၃) ဦးနှင့် စာရင်းကိုင် (၂) (၁) ဦးတို့အား အမည်နှင့် ယှဉ်တွဲဖော်ပြပါ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်အေးအေးစိုး<br>ရုံးအုပ် | ဦးစီးအရာရှိ<br>မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်<br>လုပ်ငန်းစစ်ဆေးရေးဌာနခွဲ |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၂။ | ဒေါ်နှင်းဝေလွင်<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ |
| ၃။ | ဦးဆက်ပိုင်ဦး<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ |
| ၄။ | ဒေါ်သန္တာရီ<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ<br>မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်<br>လုပ်ငန်းစစ်ဆေးရေးဌာနခွဲ |
| ၅။ | ဒေါ်မီမီချိုထွန်း<br>စာရင်းကိုင် (၂) | ဦးစီးအရာရှိ<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ |

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

### အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးမျိုးကျော်သူ<br>ညွှန်ကြားရေးမှူးချုပ် (ဝန်ကြီးရုံး)<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ( ခ ) | ဦးကျော်ဇင်မိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန | ဒုတိယအဖွဲ့ခေါင်းဆောင် |
| ( ဂ ) | ဒေါ်နှင်းစန္ဒာဦး<br>ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာဌာနခွဲ)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းထက်မွန်<br>ညွှန်ကြားရေးမှူး (ယှဉ်ပြိုင်/လေ့ကျင့်ဌာနခွဲ-၂)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးရဲလွင်<br>ညွှန်ကြားရေးမှူး (လူထု/ပညာဌာနခွဲ)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဦးထွန်းထွန်းဝင်း<br>ညွှန်ကြားရေးမှူး (မသန်စွမ်းလူငယ်များဌာနခွဲ)<br>လူငယ်ရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးကိုဇော်<br>ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်း/စာရင်းအင်းဌာနခွဲ)<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဦးသန်းထွေးအောင်<br>ဒုတိယညွှန်ကြားရေးမှူး (အား/ပညာဌာနခွဲ)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ဦးကြည်စိုးလင်း<br>ဒုတိယညွှန်ကြားရေးမှူး (မသန်စွမ်းလူငယ်များဌာနခွဲ)<br>လူငယ်ရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါ်စန်းစန်းဦး<br>လက်ထောက်ညွှန်ကြားရေးမှူး (ယှဉ်ပြိုင်/လေ့ကျင့်ဌာနခွဲ-၁)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (၄) | ဒေါ်လင်းလင်းမြတ်<br>လက်ထောက်ညွှန်ကြားရေးမှူး (ယှဉ်ပြိုင်/လေ့ကျင့်ဌာနခွဲ-၂)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးညီညီလတ်<br>ဦးစီးအရာရှိ (လူထု/ပညာဌာနခွဲ)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |

၂။ ဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုနှင့် သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊

(၁) တိုင်ကြားမှုယန္တရားထူထောင်ခြင်း၊

(၂) စောင့်ကြပ်စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) စစ်တမ်းကောက်ယူခြင်း။

(ခ) တွေ့ရှိလာသောပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်၊

(ဂ) အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန်၊

(ဃ) ပြည်ထောင်စုဝန်ကြီး၏ခွင့်ပြုချက်ဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အသီးသီးအတွက် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲထားရှိရန်၊

(င) ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်ရယူလျက် ဦးစီးဌာနတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအချက်များပါဝင်သော တည်မြဲလုပ်ထုံးလုပ်နည်းများ (Standing Operating Procedures–SOP) ကို သက်ဆိုင်ရာဌာနများက ရေးဆွဲရေးနှင့် အများပြည်သူသိသင့်သည်များကို လက်အောက်ရုံး/ဌာနခွဲ/ဌာနစိတ်တို့တွင် ပွင့်လင်းမြင်သာသောနည်းလမ်းများဖြင့် ထင်ရှားစွာ ရေးသားချိတ်ဆွဲပြသထားရန်၊ Website များတွင်လည်း ထည့်သွင်းအသိပေးကြေညာရန်၊

(စ) ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုခံယူလျက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) များသည် ဦးစီးဌာနတွင် ဝန်ဆောင်ရယူကြရသော ပြည်သူတစ်ဦးချင်းထံသို့ Public Feedback

Programme (PFP) နည်းပညာအသုံးပြု၍ တယ်လီဖုန်းမှတစ်ဆင့်ဆက်သွယ်ပြီး အသေးစိတ်အဂတိလိုက်စားမှုများမဖြစ်စေရေး တားဆီးကာကွယ်ရေးစနစ်ကို ထိရောက်စွာအသုံးပြုသွားရန်၊

(ဆ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဝန်ထမ်းများသိရှိလိုက်နာကြစေရန်အတွက် အသိပညာပေးအစီအစဉ်များဆောင်ရွက်ရန်၊

( ဇ ) တိုင်ကြားစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အစီအစဉ်များချမှတ်ရန်၊

( ဈ ) တွေ့ရှိလာသောပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေအရ စုံစမ်းစစ်ဆေးခြင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ လွှဲပြောင်းပေးခြင်းဆောင်ရွက်ရန်၊

(ည) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့၏ အခါအားလျော်စွာ ညွှန်ကြားချက်များကို ဆောင်ရွက်ရန်၊

( ဋ ) အဖွဲ့၏ လုပ်ငန်းတာဝန်များကို အောက်ခြေအထိ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူပြုအဖွဲ့ငယ်များ လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ရန်၊

( ဌ ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးစီမံချက်များ၊ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးတက်မှုအခြေအနေများကို လစဉ်အစီရင်ခံတင်ပြရန်၊

( ဍ ) အဖွဲ့၏ ဆောင်ရွက်မှုအစီရင်ခံစာကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့ရန်။

၃။ ဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) သည် အဂတိဖြစ်စေနိုင်သည့်နေရာများကို စစ်ဆေးဖော်ထုတ်ခြင်း၊ အဂတိလိုက်စားမှုမှ ဖြစ်ပေါ်လာသည့်ပြဿနာများကို ဖြေရှင်းခြင်း၊ အဂတိဖြစ်စေသည့်နေရာများတွင်မဖြစ်အောင် တားဆီးကာကွယ်ခြင်းစသည့်တာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်များကို လိုအပ်သလို ခွဲဝေတာဝန်ပေးအပ်နိုင်သည်။

၄။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

Jeng Phang နော်တောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

### မြေလွှဲပြောင်းပေးခြင်း

၁။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၆)၊ မြေကွက်အမှတ် (3.B/11၊ $3.B^2/11$၊ $3.B^3/11$၊ $3.B^9/11$)၊ မြေဧရိယာ ၂.၉၀၆ ဧကရှိ အစိုးရမြေနေရာအား လမ်းဦးစီးဌာနအသုံးပြုရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က)　ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ　လမ်းဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

( ခ )　မြေကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်။

( ဂ )　မြေကိုအသုံးပြုရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

၂။　**လွှဲပြောင်းပေးသည့် မြေ၏အကြောင်းအရာ ဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | ဒဂုံ | ၆၆ | $\frac{3.B}{11}, \frac{3.B^2}{11}, \frac{3.B^3}{11}, \frac{3.B^9}{11}$ | ၂ | ၉၀၆ | |
| စုစုပေါင်း | | | | ၂ | ၉၀၆ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

| | | |
|---|---|---|
| အရှေ့လားသော် | – | မြေကွက်အမှတ်– 3B/8၊ 4 (အိမ်တော်ရာဘုရား)၊ 3B/1၊ 3B/7 |
| အနောက်လားသော် | – | ပဒုမ္မာလမ်း |
| တောင်လားသော် | – | မြေကွက်အမှတ် – 144 A/1၊ 3 $B^1$/11၊ 3 $B^4$/11၊ အိမ်တော်ရာဘုရားလမ်း |
| မြောက်လားသော် | – | မြေကွက်အမှတ် – 3B/10 (ဒဂုံမြို့နယ်ရဲတပ်ဖွဲ့) |

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန (ယခင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) သို့ ထုတ်ပေးခဲ့သည့် ၄–၆–၁၉၉၇ ရက်စွဲပါ မူလမြေလွှဲ အမိန့်ကြော်ငြာစာအမှတ်– မခ/ မသ/ ၃၇ အယ်လ် ၉၇ (၁၃၀၆) အား ၃၁–၁–၂၀၂၅ ရက်စွဲပါ စာအမှတ်၊ မယ/ မသ/ ၀၁၁ အယ်လ်–၂၀၂၅ (၀၃၇၃) ဖြင့် ပယ်ဖျက်ပြီးဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၉–၁၁–၂၀၂၃ ရက်စွဲပါ ခွင့်ပြုချက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၁–၃–၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) ဆုံးဖြတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၆)၊ မြေကွက်အမှတ် (3.B/11၊ 3.$B^2$/11၊ 3.$B^3$/11၊ 3.$B^9$/11)၊ မြေဧရိယာ ၂.၉၀၆ ဧကရှိ အစိုးရမြေနေရာအား လမ်းဦးစီးဌာန အသုံးပြုရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်အဖြစ် အစားထိုးတာဝန်ပေးအပ်ခြင်း

တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (င) အရ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကအဖွဲ့၏ သဘောတူညီချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်တို့အား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်များအဖြစ် အစားထိုးတာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည် | ရာထူး၊ အလုပ်အကိုင် |
|---|---|---|
| ၁။ | ဦးခင်မောင်ဝင်း | Patron/Executive Consultant<br>Myanmar Water Engineering & Products Co.,Ltd |

| စဉ် | အမည် | ရာထူး၊ အလုပ်အကိုင် |
|---|---|---|
| ၂။ | ဦးလှဌေး | စက်ရုံမှူး (အငြိမ်းစား)<br>အမှတ် (၁၅) အကြီးစားစက်ရုံ (သာဂရ)<br>စက်မှုဝန်ကြီးဌာန |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ ဖြင့် အမှတ် (၂) ယန္တရားအင်ဂျင်နီယာတပ်ရင်းမှ ပြန်တမ်းဝင်အမှတ် ကြည်း ၂၈၂၇၇ ဒုတိယဗိုလ်မှူးကြီး ရဲထွန်းအောင် အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး (စက်မှု)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ဦးပိုင်ဘိုဘိုမျိုး [နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် - ၁၃/ကလန (နိုင်) ၀၈၉၀၄၀] အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နံနက်ပိုင်းမှစ၍ တာဝန်ပေးခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

ခွန်သန့်ဇော်ထူး

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၀၅၃/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့နှင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင်ကျင်းပသောဤရုံး၊ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅) ဖြင့် အတည်ပြုချက်အရ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သက်သက်မာ (၈၃၄၉) အား ကရင်ပြည်နယ်စာရင်းစစ်ချုပ်ရုံးသို့ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၀၀၉/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာန၊ ဌာနခွဲ-၄ မှ ဦးစီးအရာရှိ ဦးဝင်းဇော်၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဒုတိယစာရင်းစစ်ချုပ်၏ ကိုယ်ရေးအရာရှိအဖြစ် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

ဒေါက်တာ ခင်နိုင်ဦး

ပြည်ထောင်စုစာရင်းစစ်ချုပ်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒေါက်တာ နမ့်ခင်သင်းစု အား ၁၃-၂-၂၀၂၅ ရက်နေ့၌ ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ စီမံခန့်ခွဲရေးကော်မတီ လစဉ်အစည်းအဝေး (၂/၂၀၂၅) ဆုံးဖြတ်ချက်အရ ၂၀-၂-၂၀၂၅ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ ၂၀-၂-၂၀၂၅ ရက်နေ့မှ ၁၉-၄-၂၀၂၅ ရက်နေ့အထိ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀-၄-၂၀၂၅ ရက်နေ့မှ ၁၉-၈-၂၀၂၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀-၈-၂၀၂၅ ရက်နေ့နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က)၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့် အငြိမ်းစားယူခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၅)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒေါ်ချိုချိုပြုံး အား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က)၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အောင်သော်

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်ကောင်စီ**

**ရုံးအမိန့်အမှတ် (၃၅/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ အမိန့်အမှတ် ၆/၂၀၂၅ ဖြင့် ခန့်အပ်ခဲ့သော နေပြည်တော်ကောင်စီဝင်၊ ဦးခင်မောင်လတ် ၏ ကိုယ်ရေးအရာရှိ ရာထူးနေရာတွင် ဖေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနခွဲစာရေး၊ ဦးကောင်းမြတ်ဝင်း [နိုင်ငံသားစိစစ်ရေးကတ်အမှတ် – ၉/ မထလ (နိုင်) ၂၄၇၇၄၁] အား နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ အမှန်တကယ်အလုပ်ဝင်ရောက်သည့်ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ အမြင့်ဆုံးလစာနှုန်း ၂၉၅,၀၀၀/– ကို ခံစားခွင့်ပြုလိုက်သည်။

သန်းထွန်းဦး

ဥက္ကဋ္ဌ

နေပြည်တော်ကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာ (၁၀/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၁၁၈ (၁)/၈/ ကောင်စီရုံးအရ ဘတ်ဂျက်နှင့် ငွေစာရင်းဌာနမှ ဒေါ်ခင်မြတ်လေး၊ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) အား ဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသည့် ဌာနကြီးမှူး (ညွှန်ကြားရေးမှူးချုပ်) (မြို့ပြ/မြေယာ)၊ လစာနှုန်း (၅၅၀,၀၀၀/–) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

သန်းထွန်းဦး

မြို့တော်ဝန်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ချင်းပြည်နယ်အစိုးရအဖွဲ့**

**ရုံးအမိန့်အမှတ် (၁၁/၂၀၂၅)**

ဟားခါးမြို့၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

**ချင်းပြည်နယ်အစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၄၁/၂၀၂၅ အရ ဦးဇော်ဝင်းဌေး (ပ/၃၉၅၇)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် အား ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ချထားခဲ့ပါသဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူးအဖြစ် စတင်တာဝန်ထမ်းဆောင်နေပြီဖြစ်သောကြောင့် ချင်းပြည်နယ်အစိုးရအဖွဲ့အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါက်တာ ဝုန်ဆွန်းထန် | ပြည်နယ်ဝန်ကြီးချုပ် |
| (ခ) | ဗိုလ်မှူးကြီး သိန်းထွန်းအောင် | ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ဂ) | လစ်လပ် | ဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးဌာန |
| (ဃ) | ဦးကျော်ငြိမ်း | ဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးဌာန |
| (င) | ဦးဝင်းဇော်ဦး | ဝန်ကြီး၊ လူမှုရေးရာဝန်ကြီးဌာန |
| (စ) | ဦးနေလင်းအောင် | ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| (ဆ) | ဦးစိန်ထွန်းလှ | ဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန |
| (ဇ) | ဦးဆွန်ဒုတ်ကျင့် | ပြည်နယ်ဥပဒေချုပ် |
| (ဈ) | ဦးဇော်ဝင်းဌေး | အတွင်းရေးမှူး |

၂။ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ ရုံးအမိန့်အမှတ် ၃၇/၂၀၂၄ အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ ဝုန်ဆွန်းထန်

ပြည်နယ်ဝန်ကြီးချုပ်

ချင်းပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်အမှတ် (၈/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်စွဲပါ အမိန့်အမှတ် ၁၅၃/၂၀၂၁ အရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်စွဲပါ အမိန့်အမှတ် ၂၁/၂၀၂၄ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးနေဝင်းအောင် သည် ဧရာဝတီတိုင်းဒေသကြီးသို့ ပြောင်းရွှေ့သွားပါသဖြင့် **ရခိုင်ပြည်နယ်အစိုးရအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဦးထိန်လင်း | ပြည်နယ်ဝန်ကြီးချုပ် |
| (ခ) | ကြည်း ၂၅၇၇၅ ဗိုလ်မှူးကြီး ကျော်သူရ | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး |
| (ဂ) | ဦးစံရွှေမောင် | စီးပွားရေးရာဝန်ကြီး |
| (ဃ) | ဦးသက်ထွန်း | သယံဇာတရေးရာဝန်ကြီး (ပူးတွဲ) |
| (င) | ဦးသက်ထွန်း | လူမှုရေးရာဝန်ကြီး |
| (စ) | ဦးအောင်ကျော်မိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (ဆ) | ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး |
| (ဇ) | ဦးလှသိန်း | ပြည်နယ်ဥပဒေချုပ် |
| (ဈ) | ဦးနေမျိုးအောင် | အတွင်းရေးမှူး |

၂။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်စွဲပါ အမိန့်အမှတ် ၂၁/၂၀၂၄ အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ထိန်လင်း

ပြည်နယ်ဝန်ကြီးချုပ်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်<br>(၂၀၂၅ ခုနှစ်၊ မတ်လ ၁၄ ရက်) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

အမှတ် ၂၆/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

(၁) မျိုးဟိန်း ကြည်း ၈၁၂၂၅

(၂) အောင်သိန်း ကြည်း ၈၁၂၂၆

အမှတ် ၂၇/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

အောင်စိုးလွင် ကြည်း ၈၁၂၂၇

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

အမှတ် ၂၈/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | |
|---|---|---|
| ဆန်းမောင် | ကြည်း | ၈၁၂၂၈ |

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

အမှတ် ၃၀/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | |
|---|---|---|
| စန်းလွင် | ကြည်း | ၈၁၂၂၉ |

## (လေတပ်ဌာနစု)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

အမှတ် ၃/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှအစပြု၍ တပ်မတော် (လေ) အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ဝင်းဇော် | လေ | ၄၆၉၈ |
| (၂) | မြင့်ဦး | လေ | ၄၆၉၉ |
| (၃) | ဇော်မြင့် | လေ | ၄၇၀၀ |
| (၄) | မြင့်ဦး | လေ | ၄၇၀၁ |

(၅) သန်းထိုက် လေ ၄၇၀၂

(၆) ကိုကိုဆွေ လေ ၄၇၀၃

(၇) စိုးလွင် လေ ၄၇၀၄

(၈) ခင်မောင်မော် လေ ၄၇၀၅

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

အမှတ် ၄/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှအစပြု၍ တပ်မတော် (လေ) အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

အောင်ကျော်မိုး လေ ၄၇၀၆

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်/ အမည် (၁၃/ ဝန်ဆောင်မှုဇုန်ရပ်)၊ မြေကွက်အမှတ် B-၈ (က)၊ **မြေဧရိယာ ၂၇.၀၀ ဧက** အား **စကျင်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန်နှင့် အခြားသာသနိက အဆောက်အဦများဆောက်လုပ်ရန် (မာရဝိဇယထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် ဤရုံး၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၉/ ၂၀၂၃ ဖြင့်

အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုခဲ့ပါသည်။

အခွန်လွတ်သာသနာ့မြေဂရန် ခွင့်ပြုထုတ်ပေးခဲ့သည့် **မြေဧရိယာ ၂၇.၀၀ ဧက** အနက်မှ **မြေဧရိယာ ၁.၀၂ ဧက** သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သဇင်လမ်းမကြီးဖောက်လုပ်ရာတွင် ပါဝင်ခဲ့သဖြင့် မာရဝိဇယထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့မှ နိုင်ငံတော်သို့ ပြန်လည်အပ်နှံလာပါသည်။

အခွန်လွတ်သာသနာ့မြေဂရန် ခွင့်ပြုထုတ်ပေးခဲ့သည့် သာသနာ **မြေဧရိယာ ၂၇.၀၀ ဧက** အနက်မှ လမ်းဧရိယာအတွင်း ပါဝင်သွားသည့် **မြေဧရိယာ ၁.၀၂ ဧက** အား သာသနာမြေအဖြစ် အသုံးပြုမှုမရှိသဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၅ အရ အခွန်လွတ်သာသနာမြေအဖြစ်မှ ပယ်ဖျက်လိုက်ပြီး **ကျန်မြေ ၂၅.၉၈ ဧက** အား **စကျင်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန်နှင့် အခြားသာသနိက အဆောက်အဦများဆောက်လုပ်ရန် (မာရဝိဇယထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေအဖြစ် ပြင်ဆင်ထုတ်ပေးခွင့်ပြုလိုက်သည်။

မြင့်သန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အကောက်ခွန်ဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၀၀၇/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

**၁။** အကောက်ခွန်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင် (နယ်ရုံးများကြီးကြပ်ရေး) ၏ ငြင်းပယ်ခွင့် (Defer Leave) အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၈-၂-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ စဘ/ ဘဏ္ဍာ-၁/၃/၃ (၁၃၀၀/၂၀၂၅) အရ ခွင့်ပြုပြီးဖြစ်ပါ၍ ၁၉-၆-၂၀၂၅ ရက်နေ့မှ ၁၈-၁၀-၂၀၂၅ ရက်နေ့အထိ အငြိမ်းစားမယူမီ ငြင်းပယ်ခွင့် (၄) လ တိတိကို ပျမ်းမျှလစာပြည့်ဖြင့် ခံစားခွင့်ပြုလိုက်သည်။

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းအောင် အား ခွင့်ကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၃။ အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်စွဲပါ စာအမှတ်၊ ၃၁-၀ထ/၂၀၂၄ (၁၀၀) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအား ဤအမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၂၅)

ရန်ကုန်မြို့၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး အကောက်ခွန် ဦးစီးဌာနမှူးရုံးမှ ကပ-၂၅၈၂၊ အကောက်ခွန်မှူး ဦးထွန်းထွန်းဝင်း-၃ အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

အမိန့်အာဏာ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်စွဲပါ စာအမှတ်၊ စဘ/ ဘဏ္ဍာ-၁/၂/၄-၁ (၁၅၃၀/၂၀၂၅)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၂၅)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန် ဦးစီးဌာနမှူးရုံးမှ ကပ-၂၄၇၃၊ အကောက်ခွန်မှူး ဦးရန်နိုင်မောင် အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

အမိန့်အာဏာ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်စွဲပါ စာအမှတ်၊ စဘ/ ဘဏ္ဍာ-၁/၂/၄-၁ (၁၅၃၀/၂၀၂၅)

သိန်းဆွေ

ညွှန်ကြားရေးမှူးချုပ်

အကောက်ခွန်ဦးစီးဌာန

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

အမှတ် ၁၆၀။ ၁၆-၁-၂၀၂၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅) အစီအစဉ် ၄ (ဃ-၄) ၌ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ ကွန်ပျူတာသိပ္ပံပညာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာခင်မျိုးဆက် အား လုပ်ငန်းလိုအပ်ချက်အရ အများပြည်သူအကျိုးငှာ ၁၉-၂-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ကိုငြင်းပယ်၍ အသက် (၆၂) နှစ်ပြည့်မည့် ၁၉-၆-၂၀၂၅ ရက်နေ့မှစ၍ ငြင်းပယ်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၁၉-၁၀-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ ဝင်းထွန်း

ညွှန်ကြားရေးမှူးချုပ်

အဆင့်မြင့်ပညာဦးစီးဌာန

## မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၀၀၁/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

### မြေလွှဲအမိန့် (ပြန်တမ်း) ပယ်ဖျက်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်အရှေ့ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ် (၆၀-က) တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် (၆၆)၊ မြေကွက်အမှတ် (၃-ဘီ/၁၁ မှ ၃-ဘီ၉/၁၁ ထိ)၊ ဧရိယာ ၅.၈၅၁ ဧကအား မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ယခင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန) မှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ၁၉၉၇ ခုနှစ်၊ ဇွန်လ ၄ ရက်စွဲပါ စာအမှတ်-မခ/ မသ/ ၃၇ အယ်လ် ၉၇ (၁၃၀၆) အရ မြေလွှဲအမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးခဲ့ပါသည်။

၂။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးခဲ့သည့် ဧရိယာ ၅.၈၅၁ ဧကအနက်မှ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၆/ ၂၀၁၅၊ ၇၇/ ၂၀၁၅ နှင့် ၇၈/ ၂၀၁၅ တို့ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ မြေဧရိယာ ၂.၆၇ ဧကအားလည်းကောင်း၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၀၁၁/၂၀၂၅ ဖြင့် ဥပဒေရေးရာဝန်ကြီးဌာနသို့ မြေဧရိယာ ၀.၂၇၅ ဧကအားလည်းကောင်း **စုစုပေါင်းမြေဧရိယာ ၂.၉၄၅ ဧက** ကို မြေလွှဲအမိန့်ကြော်ငြာစာ (ပြန်တမ်း) များဖြင့် လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသဖြင့် ကျန်ရှိမြေဧရိယာ ၂.၉၀၆ ဧကအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန (ယခင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) သို့ မြေလွှဲမိန့် (ပြန်တမ်း) ပြင်ဆင်ထုတ်ပေးရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်စွဲပါ ခွင့်ပြုချက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) ဆုံးဖြတ်ချက်အရ ၁၉၉၇ ခုနှစ်၊ ဇွန်လ ၄ ရက်စွဲဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ထုတ်ပေးထားသည့် မူလမြေလွှဲအမိန့်ကြော်ငြာစာ (ပြန်တမ်း) အား ပယ်ဖျက်လိုက်သည်။

အောင်ကျော်စိုး

ညွှန်ကြားရေးမှူးချုပ်

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## စီမံရေးရာဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၀၇၁/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့နှင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပသော ဤရုံး၊ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅) ဖြင့် အတည်ပြုချက်အရ

အောက်ဖော်ပြပါ စာရင်းစစ်မှူးများအား ယှဉ်တွဲပါ ရုံး/ဌာနများသို့ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်ထားသည့် ရုံး/ဌာန |
|---|---|---|---|---|
| ၁။ | ဦးမင်းအောင် | ၁၃၇၄၁ | ရန်ကုန်တိုင်းဒေသကြီး | ပူတာအိုခရိုင် |
| ၂။ | ဒေါ်မြတ်စန္ဒာဦး | ၈၉၀၈ | ပျဉ်းမနား | ပူတာအိုခရိုင် |
| ၃။ | ဒေါ်မေသူထွန်း | ၁၂၄၂၇ | မင်းဘူး | ဖရူဆို (ကယားပြည်နယ်တွဲဖက်) |
| ၄။ | ဒေါ်စုစန္ဒီကျော် | ၁၂၈၇၀ | ရန်ကုန်တိုင်းဒေသကြီး | ခန္တီးခရိုင် |
| ၅။ | ဒေါ်တင်နွယ်နွယ်အေး | ၉၉၇၄ | ရန်ကုန်တိုင်းဒေသကြီး | ခန္တီးခရိုင် |
| ၆။ | ဒေါ်ခင်ထွေးမြင့် | ၉၄၇၀ | သံတွဲခရိုင် (ရန်ကုန်တိုင်းတွဲဖက်) | ရခိုင်ပြည်နယ် |
| ၇။ | ဒေါ်စိန်စိန် | ၉၀၁၉ | ပဲခူးခရိုင် | စစ်ဆေးရေးဦးစီးဌာန |
| ၈။ | ဦးဖုန်းမြင့်အောင် | ၉၀၁၄ | သာယာဝတီ | စစ်ဆေးရေးဦးစီးဌာန |
| ၉။ | ဒေါ်ရွှေရည်မျိုးတင့် | ၁၂၇၉၄ | မကွေးတိုင်းဒေသကြီး | စစ်ဆေးရေးဦးစီးဌာန |
| ၁၀။ | ဒေါ်လှကေခိုင် | ၁၀၃၀၄ | စလင်း | စစ်ဆေးရေးဦးစီးဌာန |
| ၁၁။ | ဒေါ်လှလှမော် | ၉၅၈၀ | ရန်ကုန်တိုင်းဒေသကြီး | စစ်ဆေးရေးဦးစီးဌာန |
| ၁၂။ | ဒေါ်ညိုညိုလင်း | ၉၂၉၁ | ကြည့်မြင်တိုင် | စစ်ဆေးရေးဦးစီးဌာန |
| ၁၃။ | ဒေါ်မို့မို့အိစံ | ၁၂၀၅၀ | ကလော | စစ်ဆေးရေးဦးစီးဌာန |
| ၁၄။ | ဒေါ်ခင်ဌေးဌေးလှိုင် | ၉၂၂၈ | ကျောက်ဖြူ | နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန |

ခင်လေးနွယ်
ဒုတိယညွှန်ကြားရေးမှူးချုပ်
စီမံရေးရာဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်<br>(၂၀၂၅ ခုနှစ်၊ မတ်လ ၁၄ ရက်) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**Value Growth Consulting Ltd**

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **Value Growth Consulting Ltd** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၀-၂-၂၀၂၅) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, CPA)၊ အမှတ် (၁၉၆/ ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၈-၃-၂၀၂၅) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးသိန်းလွင် | ဦးစိန်ကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | B.Com, CPA |
| Value Growth Consulting Ltd | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ၏ ဒါရိုက်တာအဖွဲ့ကိုယ်စား | ဖုန်း-၀၉-၅၁၂၅၉၈၅ |

## WATANABE KIKAKU (MYANMAR) COMPANY LIMITED

၂၀၂၀ ပြည့်နှစ်၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ

[၂၀၂၀ ပြည့်နှစ်၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ နှင့်

လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေပုဒ်မ ၉ နှင့် ၁၅ (ခ) အရ]

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းဆဲကုမ္ပဏီ၏

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

WATANABE KIKAKU (MYANMAR) COMPANY LIMITED (ဖျက်သိမ်းဆဲ) အစုရှယ်ယာရှင်များ၏ အပြီးသတ်အထွေထွေအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ နံနက် ၁၀း၀၀ နာရီတွင် အမှတ် (၃)၊ ၁၀၅ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိသော စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ ရုံးခန်း၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အစုရှယ်ယာရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြား အပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးကျော့မောင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းဝင်အမှတ် -၀၀၀၉၀
ဖုန်း-၀၉၄၂၀၀၄၄၆၉၉
လိပ်စာ- အမှတ် (၃)၊ ၁၀၅ လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**TRANSPORTATION AND DISTRIBUTION NETWORK LIMITED**

ကုမ္ပဏီဖျက်သိမ်းကြောင်းကြေညာခြင်း

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၁။ **TRANSPORTATION AND DISTRIBUTION NETWORK LIMITED** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၇-၂-၂၀၂၅) ရက်နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထူးအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် B97/ 4, Chinsu Road, Nawaday Shop House, Nawaday Garden Housing, (6) Ward Hlaing Thar Yar Township, Yangon နေ ဒေါ်သီတာအေး (B.Com, CPA)[၈/မကန (နိုင်) ၀၁၀၅၂၈] အား ခန့်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၂) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်သီတာအေး

B.Com, CPA

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(MAIP-၀၀၁၉၃)